# ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရ

## စိုက်ပျိုးရေး၊ မွေးမြူရေး နှင့် ဆည်မြောင်းဝန်ကြီးဌာန

## (ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန)

# လူထုဗဟိုပြုစီမံကိန်း

## National Community Driven Development Project

## (NCDDP)



**ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်**

**Village Development Plan(VDP)**

**ကြံခင်းမြို့နယ်**

၂၀၁၈ ခုနှစ်

ရွှေပန်းတောအုပ်စု၊ ဝဲကြီးကျေးရွာ

**မာတိကာ**

၁. မြို့နယ်မြေပုံ

၂.ကျေးရွာမြေပုံ (တည်နေရာ)

၃.အုပ်စုတွင်ပါဝင်သော ကျေးရွာများစာရင်း

၄.ကျေးရွာအခြေခံအချက်အလက်များ

၅.လူထုပူးပေါင်းပါဝင်သော လူမှုဆန်းစစ်ခြင်းနှင့် အကဲဖြတ်ခြင်းလုပ်ငန်းစဉ် (PSA/PRA) အကျဉ်းချုပ်ဇယား

၆.ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက်အသုံးပြုခဲ့သောPRA tools များနှင့်တစ်ခုချင်းစီ အတွက်သုံးသပ်ချက်များ

၇.ကော်မတီဝင်များရွေးချယ်ခြင်းနှင့် ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ် ဆောင်ရွက်မှုမှတ်တမ်းဓာတ်ပုံများ

၈.ကော်မတီဝင်များစာရင်း

၉.ကျေးရွာအချက်အလက် (ပုံစံ-၁)

၁၀.စီမံကိန်းစက်ဝန်းအချိန်ဇယား (ပုံစံ-၂)


၁၁.ကျေးရွာဖွံ့ဖြိုးရေးဦးစားပေးအစီအစဉ် (ပုံစံ-၃)

၁၂.ကျေးရွာအုပ်စုစီမံကိန်းလုပ်ငန်းခွဲရွေးချယ်ခြင်း (ပုံစံ-၄)


၁၃.အစည်းအဝေးမှတ်တမ်းများ

၁၄.ကဏ္ဍအလိုက်ဦးစားပေးဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များ

## ၁. မြို့နယ်မြေပုံ


ကြံခင်းမြို့နယ်အတွင်းရှိ ကျေးရွာအုပ်စု၊ ကျေးရွာများပြ မြေပုံ
N
ဧရာဝတီတိုင်းဒေသကြီး
ဟင်္သာတခရိုင်၊ ကြံခင်းမြို့နယ်
ကွင်းအညွှန်းပြမြေပုံ
စကေး ၁ လက်မ = ၄မိုင်
ပဲခူး တိုင်း ဒေ သ ကြီး
အလုံချောင်း
မြောက်မြန်အောင်သစ်တောကြိုးဝိုင်း
ကွန်ချောင်းဆည်
ကွန်ချောင်း
ရေသာယာချောင်း
ကျောက်နီချောင်း
ပတော်ချောင်း
ကြံခင်းသစ်တောကြိုးဝိုင်း
ဧရာဝတီမြစ်
ရခိုင် ပြည် နယ်
ပတော်သစ်တော ကြိုးဝိုင်း
ရွှေသမင်သစ်တော ကြိုးဝိုင်း
မြန်အောင် မြို့ နယ်
ညွှန်းပြချက်
ပြည်နယ်/တိုင်း/ခရိုင်ခြား
မြို့နယ်ခြား
ကျေးရွာအုပ်စုခြား
ကွင်းခြား
ကားလမ်း
ရထားလမ်း
မြစ်ချောင်း

## ၂. ကြံခင်းမြို့နယ် ရွှေပန်းတောကျေးရွာအုပ်စုပြမြေပုံ




ရွှေပန်းတောကျေးရွာအုပ်စုပြမြေပုံ

**၃။ ရွှေပန်းတောအုပ်စုတွင် ပါဝင်သော ကျေးရွာများ စာရင်း**

၁။မုန့်ထုတ်ကျေးရွာ

၂။မင်းတဲကြီးကျေးရွာ

၃။ထန်းကုန်းကျေးရွာ

၄။ရွာသစ်ကုန်းကျေးရွာ

**၅။ဂဲကြီးကျေးရွာ**

၆။ဂဲကြီးအောက်စုကျေးရွာ

၇။မရမ်းချိုကျေးရွာ

၈။ရွှေပန်းတောကျေးရွာ

၉။ကံကုန်း

ရွှေပန်းတောကျေးအုပ်စုတွင်ကျေးရွာပေါင်း(၉)ရွာဖြင့် ပါဝင်ဖွဲ့စည်းထားပါသည်။

## ၄။ကျေးရွာအခြေခံအချက်အလက်များ(ကျေးရွာသမိုင်းကြောင်း)

ဧရာဝတီတိုင်းဒေသကြီး ဟသ်ာတခရိုင်၊ ကြံခင်းမြို့နယ်၊ ရွှေပန်းတောအုပ်စုတွင် ဝဲကြီး ကျေးရွာ တည်ရှိပါသည်။ ကြံခင်းမြို့၏အနောက်တောင်ဘက် ၆မိုင်ခန့်အကွာ၊ ကြံခင်း-ဘက်ရဲ ကားလမ်းမကြီး၏ တောင်ဘက်တွင် တည်ရှိပါသည်။ အိမ်ထောင်စု( ၈၈) စုနှင့် လူဦးရေ (၃၃၆) ယောက်ရှိပါသည်။ ရွာ၏တောင်ဘက်တွင် ဖားတရုဦးချောင်းရှိ၍ ယင်းချောင်းထဲတွင် ရှိသော ဝဲကို အစွဲပြု၍ ဝဲကြီးရွာဟု အမည်တွင်ခဲ့သည်ကို သိရှိရသည်။ အနောက် တောင်ဘက်နှင့် ချောင်းကမ်းပါးဘေးတွင် ဝါးတော၊ ဝါးခြံများ ရှိသည်။ အနောက်မြောက် ဘက်တွင် ဘက်ရဲ-ကြံခင်းကားလမ်းမကြီးသို့ ဆက်သွယ်ထားသောလမ်း ရှိသည်။ အနောက်ဘက်တွင် ရွှေပန်းတောသို့ သွားသည့်လမ်းရှိသည်။

ဝဲကြီးကျေးရွာ၏ တောင်ဘက်နှင့် ချောင်းကမ်းပါးဘေးတွင် ဝါးတော၊ ဝါးခြံများရှိ၍ ဝါးလုပ်ငန်းသည် မိုးရာသီ၏ အဓိက ထွက်ကုန် လုပ်ငန်းဖြစ်သည်။ ဖားတရုဦး ချောင်းကို အမှီပြု၍ ကိုင်းကျွန်းလုပ်ငန်းကိုလည်း လုပ်ကိုင်ကြသည်။ အနောက်ဘက်တွင် ဆည်မြောင်းရှိ၍ ရာသီအလိုက် စပါး၊ မတ်ပဲ ၊ မြေပဲနှင့် တောင်ယာပဲခင်းများကို စိုက်ပျိုးလုပ်ကိုင်သည်။ ဝါးခမောက် လုပ်ငန်းကိုလည်း လုပ်ကိုင်ကြသည်။

ဝဲကြီး ကျေးရွာတွင် World Vision အဖွဲ့မှ ကူညီ ဖွဲ့စည်း ပေးသော ငွေစုငွေချေး အဖွဲ့၊ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနနှင့် လက်တွဲဆောင်ရွက်သည့် မြစိမ်းရောင် ကော်မတီအဖွဲ့၊ ကျေးရွာတွင် ကျေးရွာလူထုမှ ဖွဲ့စည်း ထားသော ကျောင်းကော်မတီ၊ အရံမီးသတ်၊ ဝေါပကအဖွဲ့၊ ပရိတ်သင်းအဖွဲ့၊ စာကြည့်တိုက် ရေရှည် တည်တံ့ရေးအဖွဲ့ များလည်းရှိကြသည်။ ကျေးရွာတွင်းရှိ အဖွဲ့အစည်းများသည် တဖွဲ့နှင့် တဖွဲ့ ပူးပေါင်းဆောင်ရွက် ကြသည်။

ဝဲကြီးကျေးရွာ၏ အရှေ့ဘက်တွင် အခြေခံပညာ မူလတန်းကျောင်းရှိသည်။ ၂၀၁၅ခုနှစ် တွင် နိုင်ငံတော်အစိုးရ၏ ထောက်ပံ့ငွေဖြင့် ပြည်သူလူထု ပူးပေါင်း၍ တိုက်ကျောင်းအဆင့်သို့ ဆောက်လုပ်လှူဒါန်း နိုင်ခဲ့သည်။ အလယ်တန်း၊ အထက်တန်းပညာရေးကို ချောင်းခွ အလယ်တန်းကျောင်း နှင့် အထက ကြံခင်းကျောင်းတွင် ဆက်လက်သင်ယူ လေ့လာကြသည်။ ကျေးရွာသူ/သားများ အတွက် အသိပညာ ဗဟုသုတ တိုးပွားစေသည့် ပညာအလင်းရောင် စာကြည့်တိုက် လည်း ရှိပါသည်။

ကျန်းမာရေးအနေဖြင့် ကျေးရွာဆေးပေးခန်း မရှိဘဲ ကြံခင်းဆေးရုံကြီးသို့ သွားရောက် ဆေးကုသ ကြသည်။ ဝဲကြီး ကျေးရွာတွင် ဗမာလူမျိုး များသာရှိ၍ ဗုဒ္ဓဘာသာကိုးကွယ် ကြသည်။ဝဲကြီး ရွာထိပ်တွင် ဝဲကြီးဘုန်းတော်ကြီးကျောင်း ရှိ၍ ဥပုသ်သီလ ဆောက်တည်ကြသည် ။ လမ်းပန်း ဆက်သွယ်ရေး အသင့်အတင့် ကောင် းမွန်လာသည်။

ဝဲကြီးကျေးရွာတွင် သောက်ရေသုံးရေ တို့ကို ချောင်းမှရေကိုသာ အဓိက သုံးစွဲရပါသည်။ ကျေးရွာသူ/သားများသည် ရိုးသားခြင်း၊ ကူညီတတ်ခြင်း အလှူအတန်း ရက်ရောခြင်း၊ ပူးပေါင်း လုပ်ဆောင် တတ်သော ရွာကလေးဖြစ်ပါသည်


## ၅. လူထုပူးပေါင်းပါဝင်သော လူမှုဆန်းစစ်ခြင်းနှင့် အကဲဖြတ်ခြင်း လုပ်ငန်းစဉ်(PSA/PRA)အကျဉ်းချုပ်

| စဉ် | အကြောင်းအရာ | ရက်စွဲ | ဦးတည်အုပ်စု | တက်ရောက်သူ | | | အဓိကဆွေးနွေးချက်များ |
|---|---|---|---|---|---|---|---|
| | | | | ကျား | မ | ပေါင်း | |
| ၁။ | လူမှုနှင့်သဘာဝအရင်းမြစ်ပြမြေပုံ (Social map & Resource map) | ၂၆-၉-၂၀၁၇ | ရပ်မိရပ်ဖ၊ ကော်မတီဝင်များ၊ရပ်ရွာလူထုများ | ၆ | ၆ | ၁၂ | -ဒေသတွင်းသဘာဝအရင်းမြစ်များ<br>-လူမှုအဆောက်အဦများ<br>-ဘာသာရေးအဆောက်အဦများ<br>-လမ်းပမ်းဆက်သွယ်ရေး |
| ၂။ | ရာသီခွင်ပြပြက္ခဒိန် (Seasional Calendar) | ၂၆-၉-၂၀၁၇ | ကော်မတီဝင်များ၊ရပ်ရွာလူထုများ | ၉ | ၄ | ၁၃ | -ရာသီဥတု၊စိုက်ပျိုးသီးနှံများ၊ လအလိုက်ဝင်ငွေများ၊ အလုပ်ကိုင်အခွင့်လမ်းများ၊ပွဲတော်များ၊သဘာဝဘေးများ၊လယ်ယာလုပ်ငန်းနှင့်အခြားလုပ်ငန်းများ |
| ၃။ | လူမှုစီးပွားအဆင့်သက်မှတ်ခြင်း (Wealth Ranking) | ၂၆-၉-၂၀၁၇ | ချမ်းသာ၊ အလယ်အလတ်နွမ်းပါးအုပ်စုများ | ၁၅ | ၂၀ | ၃၅ | -ကျေးရွာ လူမှုစီးပွားအုပ်စုများခွဲခြားသတ်မှတ်နိုင်ရေး<br>-အဆင့်လိုက်အခြေခံ စံနူန်းများ အများသဘောတူသက်မှတ်နိုင်ရေး<br>-ကျေးရွာ၏လူမှုစီးပွားအခြေအနေ |
| ၄။ | အဖွဲ့စည်းချိတ်ဆက်မှုပြမြေပုံ (Venn Diagram) | ၂၆-၉-၂၀၁၇ | ကျေးရွာအုပ်ချုပ်ရေးအဖွဲ့၊အခြားအဖွဲ့တွင်ပါဝင်သူများ | ၂၅ | ၄၈ | ၇၃ | -ကျေးရွာတွင်း ၊ပြင်ရှိအဖွဲ့အစည်းများ မည်ကဲ့သို့ ချိတ်ဆက်ဆောင်ရွက်နေပုံ။ |

| | | | | | | | |
|---|---|---|---|---|---|---|---|
| ၅။ | ပင့်ကူအိမ်ကွန်ယက် (Cobweb) | ၂၄-၉-၂၀၁၉ | ကျေးရွာရှိအမျိုးသားနှင့်အမျိုးသမီးများ | ၆ | ၆ | ၁၂ | -နေ့စဉ်ဘဝအတွက်ဆောင်ရွက်မှုတွင် အမျိုးသားနှင့်အမျိုးသမီးတို့ပါဝင်မှုအချိုး<br>-အမျိုးသားနှင့်အမျိုးသမီးတန်းတူအခွင့်ရေးရရှိ<br>နိုင်မှုပေါ် သုံးသပ်ခြင်း။ |
| ၆။ | အရင်းမြစ်များအပေါ်<br>အသုံးချနိုင်မှု၊ လွှမ်းမိုးမှုနှင့်ဆုံးဖြတ်နိုင်မှု (Assent Mapping) | ၂၄-၉-၂၀၁၉ | ကျေးရွာရှိအမျိုးသားနှင့်အမျိုးသမီးများ | ၂၅ | ၄၈ | ၇၃ | -အရင်းမြစ်များပေါ် တွင် (အမျိုးသားနှင့်အမျိုးသမီးများ)အသုံးပြုနိုင်မှုနှင့်ထိန်းချုပ်မှုသည်မည်သည့်အကြောင်းကြောင့်နည်း။မည်သို့ညီမျှစွာခံစားခွင့်ရမည်နည်း။ |
| ၇။ | အခက်ခဲပြဿနာ (Problem) | ၂၄-၉-၂၀၁၉ | ကော်မတီဝင်များ<br>နှင့်ရပ်ရွာလူထုများ | ၂၅ | ၄၈ | ၇၃ | -ဒေသဖွံ့ဖြိုးရေးအတွက်အနှောင့်အယှက်အတားဆီး၊အခက်ခဲများ<br>-လိုအပ်ချက်များ။ |
| ၈။ | ကျေးရွာမျှော်မှန်းချက် (Village Vision) | ၂၄-၉-၂၀၁၉ | ကော်မတီဝင်များ<br>နှင့်ရပ်ရွာလူထုများ | ၂၅ | ၄၈ | ၇၃ | -ဒေသဖွံ့ဖြိုးရေးအတွက်ဘာတွေကိုမျှော်မှန်းထားသလဲ<br>-ဘာကြောင့်မျှော်မှန်းထားမှု။ |
| ၉။ | ကျေးရွာ<br>ဦးစားပေး<br>လုပ်ငန်း | ၂၄-၉-၂၀၁၉ | ကော်မတီဂင်များ<br>ရပ်ရွာလူထုများ၊ တက်ရောက်သူအားလုံး | ၂၅ | ၄၈ | ၇၃ | -အကျိုးပြုဦးရေ၊အကျိုးခံစားခွင့်လိုအပ်ချက်အဆင့်သတ်မှတ်ခြင်း။ |

**၆.ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက်အသုံးပြုခဲ့သောလူမှုဆန်းစစ်၊အကဲဖြတ်ခြင်းလုပ်ငန်းစဉ်များနှင့် တစ်ခုချင်းစီအတွက်သုံးသပ်ချက်များ**

<u>(က) လူမှုအရင်းအမြစ်ပြမြေပုံ နှင့် သုံးသပ်ချက်</u>




လူမှုအရင်းအမြစ်ပြမြေပုံ

## လူမှုရေးနှင့် အရင်းအမြစ်ပြမြေပုံ (ဆွေးနွေးချက်နှင့် ဆန်းစစ်ချက်)

ဝဲကြီးကျေးရွာ၏ ကျေးရွာတည်ရှိပုံ ၊ လမ်းအနေအထား ၊ သဘာဝအရင်း အမြစ်များ ၊ အခြေခံ အဆောက်အဦးများနှင့် ဝန်ဆောင်မှုများကို ကျေးရွာလူထု ကိုယ်တိုင် သိရှိစေရန် နှင့် ထို အရင်း အမြစ်များကို အသုံးချတတ်စေရန် ဖြစ်ပါသည်။

## အခြေခံအဆောက်အဦး

ဝဲကြီးကျေးရွာသည် ပညာရေး၊ လူမှုရေးဆိုင်ရာ အခြေခံအဆောက်အဦး များ ရှိသည်ကိုတွေ့ရ သည်။ အဝီစိတွင်းနှင့် အုတ်ရေတွင်းများ ရှိသည်ကို တွေ့ရသော်လဲ သောက်သုံးရေ အတွက် ရေကောင်းရေသန့် ရရှိရန် လိုအပ်ကြောင်း သုံးသပ်တွေ့ရသည်။


## စီးပွားရေးနှင့် အရင်းအမြစ်

ဖားတရှည်းချောင်း တဖက်ကမ်းနှင့် ရွာ၏ အနောက်တောင်ဘက်တွင် ဝါးခြံများရှိ၍ ဝါးလုပ်ငန်း လုပ်ကိုင် ကြသည်။ တောင်ဘက်တွင် ဖားတရှည်းချောင်း နှင့် ရွာပတ်ဝန်းကျင်တွင် လယ်ကွက်များရှိ၍ ရာသီအလိုက် စပါး၊ တောင်ယာ၊ မတ်ပဲ၊ ပဲခင်းများ စိုက်ပျိုးလျက် ရှိကြောင်းသိရသည်။

ဝဲကြီးကျေးရွာ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ၅နှစ်တာ မျှော်မှန်းချက်၊ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဦးစားပေး လုပ်ငန်းခွဲများ ရွေးချယ်ဖော်ထုတ်ရာတွင် အသေးစိတ်နေရာ အနေအထား၊ လျာထားမှု၊ ရွာရှိ အရင်းအမြစ်များ လုံလောက်စွာ အသုံးချနိုင်မှု စသည့်အချက် အလက်များကို သိမြင် ဖော်ထုတ် နိုင်ခဲ့သည်။

**၆.ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက်အသုံးပြုခဲ့သောလူမှုဆန်းစစ်၊အကဲဖြတ်ခြင်းလုပ်ငန်းစဉ်များနှင့် တစ်ခုချင်းစီအတွက်သုံးသပ်ချက်များ**

(ခ) ရာသီခွင်ပြ ပြက္ခဒိန် သုံးသပ်ချက်




ရာသီခွင်ပြ ပြက္ခဒိန်

**ရာသီခွင်ပြဇယားမှဆန်းစစ်မှုရလဒ် (ဆွေးနွေးချက်နှင့် ဆန်းစစ်ချက်)**

လယ်ယာလုပ်ငန်းနှင့် ဝါးခြံလုပ်ငန်းကို အဓိကလုပ်ကိုင်ကြပြီး တောင်ယာပဲခင်း၊ ဝါးတော လယ်တောများကို အမှီပြု၍ ရှာဖွစားသောက်ကြပါသည်။ ရာသီပေါ်သီးနှံများ မှာ တန်ခူးလ တွင် မတ်ပဲ၊ နွေစပါး များထွက်ပြီး ရာသီအလိုက် ရောင်းဝယ်စားသောက်ကြသည်။


ရာသီပွဲတော်များလည်း ကျင်းပကြပါသည် ။ အခြားထူးခြားသော ပွဲတော်များ မရှိပါ။ လမ်းပန်း ဆက်သွယ်ရေးမှာ ရေကြီးချိန်များတွင် မကောင်းပါ။ ရွာချင်းဆက်လမ်းများမှာ မိုးရာသီတွင် သွားလာရ ခက်ခဲပါသည်။

ရာသီဥတု အခြေအနေမှာ တန်ဆောင်မုန်းလမှ ကဆုန်လထိ နေပူပြီး နယုန်လမှ သီတင်းကျွတ်လထိ မိုးရွာသွန်းပါသည်။ တစ်နှစ်တာပတ်လုံး ရာသီအလိုက် အလုပ်အကိုင်များ ရှိကြသည်။ လယ်လုပ်ငန်း မြေပဲ ၊ မတ်ပဲ နှင့် ခမောက်လုပ်ငန်း များလုပ်ကိုင်ကြပြီး အလုပ်အကိုင် ပေါ်မှုတည်၍ ဝင်ငွေ အနဲ အများ ကွာခြားကြသည်။

သဘာဝဘေးဒဏ်များကို မိုးကာလတွင် နှစ်စဉ် ရေကြီး ရေမြုပ်မှုတို့ ကြုံတွေ့ရပါသည်။

## ၆.ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက်အသုံးပြုခဲ့သောလူမှုဆန်းစစ်၊အကဲဖြတ်ခြင်းလုပ်ငန်းစဉ်များနှင့် တစ်ခုချင်းစီအတွက်သုံးသပ်ချက်များ

### (ဂ) လူမှုစီးပွားအဆင့်သတ်မှတ်ခြင်း နှင့် သုံးသပ်ချက်



အုပ်စု-ရွှေပန်းတော
ကျေးရွာ-ဝဲကြီး

ဥစ္စာဓနကြွယ်ဝမှုဇယား

ရက်စွဲ-၂၈.၉.၂၀၁၇

| အဆင့် | သတ်မှတ်ချက် | အိမ်ထောင်စုအရေအတွက် | ရာခိုင်နှုန်း |
|---|---|---|---|
| ချမ်းသာသောအုပ်စု | အိမ်-တိုက်အိမ်၊ လယ်-၁၀ဧက၊ ဝါးဖြံ၊ လယ်ထွန်စက်၊ မြက်ဖြတ်စက်၊ သုံးဘီး၊ ထွန်ခေါင်း၊ ဆိုင်ကယ်၊ စက်ဘီး၊ လက်ဝတ်ရတနာ၊ တီဗွီ၊ ဆိုလာမီး၊ ဘွဲ့ရသည်အထိကျောင်းထားနိုင်၊ ဆေးရုံဆေးခန်းများကိုသွားရောက်ပြသနိုင်၊ [illegible] | ၁၀ | ၁၁.၁၁% |
| အသင့်အတင့်အဆင်ပြေသောအုပ်စု | အိမ်-ပျဉ်ထောင်/ပျဉ်ခင်း/သွပ်မိုး၊ လယ်-၃ဧက၊ ဝါးဖြံ၊ ဆိုင်ကယ်/စက်ဘီး၊ လက်ဝတ်ရတနာ၊ တီဗွီ၊ ဆိုလာမီး၊ ဘွဲ့ရသည်အထိကျောင်းထားနိုင်၊ ဆေးရုံဆေးခန်းများကိုသွားရောက်ပြသနိုင်၊ နွား-၂ကောင် | ၂၀ | ၂၂.၂၂% |
| မပြေလည်သောအုပ်စု | အိမ်-ပျဉ်ခင်း ထရံကာ သွပ်မိုး၊ ဆိုင်ကယ်၊ စက်ဘီး၊ လက်ဝတ်ရတနာ အနည်းအပါးရှိ၊ အလယ်တန်းအောင်အထိကျောင်းထားနိုင်၊ ဆေးရုံဆေးခန်းများကိုသွားရောက်မပြသနိုင်၊ ကြက်/ဝက် | ၄၀ | ၄၄.၄၅% |
| နွမ်းပါးသောအုပ်စု | အိမ်-ဝါးအိမ် ဝါးခင်း သက်ကယ်မိုး၊ စက်ဘီး၊ ကျပန်း၊ မူလတန်းအောင်သည်အထိကျောင်းထားနိုင်၊ ဆေးရုံဆေးခန်းများကိုသွားရောက်မပြသနိုင်၊ ကြက်/ဝက် | ၂၀ | ၂၂.၂၂% |
| ပါဝင်ဆွေးနွေးသူ- | အမျိုးသား-၁၅<br>အမျိုးသမီး-၂၀ | ၉၀ | ၁၀၀% |

လူမှုစီးပွားအဆင့်သတ်မှတ်ခြင်း

**ဉစ္စာဓနကြွယ်ဂမှုဇယား (ဆွေးနွေးချက်နှင့် ဆန်းစစ်ချက်)**

ကျေးရွာတွင် ဉစ္စာဓနအဆင့်များကို ကျေးရွာ၏သဘောတူညီချက်ဖြင့် အဆင့်(၄)ဆင့် သတ်မှတ် ခဲ့ပါသည်။

အဆင့်(က) ချမ်းသာအဆင့်တွင် အိမ်ထောင်စု(၁၀)စုရှိပြီး ကျေးရွာ၏ သာရေးနာရေးတို့ကို ဦးဆောင်နေပါသည်။

အဆင့်(ခ)တွင် အိမ်ထောင်စု(၂၀)စု ရှိပါသည်။ကျေးရွာ၏ အသင့်အတင့် အဆင့်တွင်ရှိပြီး ဖွံ့ဖြိုးရေးလုပ်ငန်းများကို တတ်နိုင်သလောက် ကူညီပေးသူများ ဖြစ်ကြပါသည်။

အဆင့်(ဂ)တွင် အိမ်ထောင်စု (၄၀)စုရှိပြီး ကျေးရွာ၏ စီးပွါးရေးမှာ မပြေလည်သော အဆင့်တွင် တည်ရှိပါသည်။ နေ့စားလုပ်ကိုင်သူများ ရှိသလို ကိုယ်ပိုင် တစ်နိုင်တစ်ပိုင် စီးပွါးရေး လုပ်ကိုင်သူများ လည်း ရှိပါသည်။


ကျေးရွာ၏ နွမ်းပါးအဆင့်(ဃ)တွင် အိမ်ထောင်စု (၂၀)စု ရှိပါသည်။နွမ်းပါးမိသားစုများမှာ ပုံမှန်ဝင်ငွေမရှိပဲ ကျပန်းလုပ်ငန်းကိုသာ လုပ်ကိုင်ရခြင်း ၊အလုပ်အကိုင် နည်းပါးခြင်း ၊အသိပညာ ဗဟုသုတ နည်းပါးခြင်း တို့ကြောင့်နွမ်းပါးရခြင်း ဖြစ်ပါသည်။

ကျေးရွာ၏ အဓိကလုပ်ငန်းများကို ရွေးချယ်ရာတွင် ကျေးရွာ၏နွမ်းပါးအဆင့်ကို ဦးစားပေး စဉ်းစား ရေးဆွဲခဲ့ပါသည်။ ကျေးရွာ၏ ဖွံ့ဖြိုးရေးလုပ်ငန်းများ ရေးဆွဲအကောင်အထည် ဖော်ရာတွင် ကျေးရွာ၏ နွမ်းပါးသူများဝင်ရောင် လုပ်ကိုင်ခြင်းဖြင့် လုပ်အားခရရှိပြီး ဝင်ငွေများ ရရှိလာ မည်ဖြစ်သည်။ ဝင်ငွေများရရှိလာပြီး နည်းပညာပိုင်းမှာပါ အထွေထွေ ဗဟုသုတများပါ အကျိုးခံစားခွင့်များပါ ရရှိလာ မည်ဟု သုံးသပ်မိပါသည်။

ဝဲကြီးကျေးရွာ၏ ဉစ္စာဓနေ ကြွယ်ဝမှု ဇယားရေးဆွဲရာတွင် အမျိုးသား၁၅ဦး ၊ အမျိုးသမီး ၂၀ဦး တို့တက်ကြွစွာ ပူးပေါင်းပါဝင် ရေးဆွဲခဲ့ကြသည်။

၆.ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက်အသုံးပြုခဲ့သောလူမှုဆန်းစစ်၊အကဲဖြတ်ခြင်းလုပ်ငန်းစဉ်များနှင့် တစ်ခုချင်းစီအတွက်သုံးသပ်ချက်များ

<u>(ဃ) အဖွဲ့အစည်းချိတ်ဆက်ပြမြေပုံ နှင့် သုံးသပ်ခြင်း</u>




အဖွဲ့အစည်းချိတ်ဆက်ပြမြေပုံ

**အဖွဲ့အစည်းချိတ်ဆက်ပြပုံ (ဆွေးနွေးချက်နှင့် ဆန်းစစ်ချက်)**

ဝဲကြီးကျေးရွာ၏ ကျေးရွာအတွင်းရှိ အဖွဲ့အစည်းများနှင့်ပြင်ပရှိ အဖွဲ့အစည်းများနှင့် ချိတ်ဆက်ဆောင်ရွက် ပုံများကို ကျေးရွာလူထုမှ သိသာပေါ်လွင် စေရန် နှင့် လိုအပ်ပါက အဖွဲ့အစည်း များနှင့် ပူးပေါင်းချိတ်ဆက်ဆောင်ရွက် နိုင်ရန် အတွက် ရည်ရွယ်ရေးဆွဲခြင်း ဖြစ်သည်။

ကျေးရွာအတွင်းတွင် အုပ်ချုပ်ရေးအဖွဲ့သည် အဓိက ကျသောအဖွဲ့ဖြစ်ပြီး၊ မြစိမ်းရောင်အဖွဲ့၊ မူးယစ်ဆေးဝါး တားဆီးကာကွယ် ရေးအဖွဲ့၊ သဘာဝ ဘေးအန္တရာယ် ကာကွယ်ရေးအဖွဲ့၊ ပရဟိတအဖွဲ့၊ စာကြည့်တိုက် အဖွဲ့၊ မီးသတ်အဖွဲ့ ၊ရတနာလွင် ငွေစုငွေချေး အဖွဲ့၊ ကျောင်းကော်မတီအဖွဲ့အစည်း တို့နှင့် ညှိနှိုင်းဆောင်ရွက်မှု ရှိကြသည်။ကျေးရွာ၏ သာရေးနာရေး ကိစ္စများတွင် ဦးစီးဆောင်ရွက်သော လူငယ်အဖွဲ့ရှိပြီး ဘာသာရေး ကိစ္စများကို ဆောင်ရွက်ရန် အတွက် ဂေါပက အဖွဲ့လည်း ရှိသည်ကို တွေ့ရသည်။


ကျေးရွာ၏ ဖွံ့ဖြိုးရေး လုပ်ငန်းများကို ဆောင်ရွက်ရန်အတွက် လူထုဗဟိုပြုစီမံကိန်းမှ ဖွဲ့စည်းပေးထားသော ကျေးရွာစီမံကိန်း အထောက်အကူပြု ကော်မတီဝင် အဖွဲ့အစည်း ရှိပြီး ကျေးရွာ၏ အုပ်ချုပ်ရေး အဖွဲ့နှင့် လိုအပ်ပါက ညှိနှိုင်းချိတ်ဆက်ဆောင် ရွက်ကြသည်။

မြို့နယ်အဖွဲ့အစည်း များဖြစ်သော မြို့နယ်အုပ်ချုပ် ရေးဦးစီးဌာန၊ မီးသတ် ဦးစီးဌာန၊ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန၊ မြို့နယ်လူထု ဗဟိုပြု စီမံကိန်းရုံးတို့နှင့် လဲ ချိတ်ဆက်မှု ရှိနေသည်ကို တွေ့ရသည်။

ဝဲကြီး ကျေးရွာ၏ အဖွဲ့အစည်း ချိတ်ဆက်မှုပြ မြေပုံ ရေးဆွဲရာတွင် အမျိုးသား ၁၅ဦး ၊ အမျိုးသမီး ၂၉ဦး ၊ စုစုပေါင်း ၄၄ဦးတို့တက်ကြွစွာ ပူးပေါင်းပါဝင် ရေးဆွဲခဲ့ကြသည်။

## ၆.ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက်အသုံးပြုခဲ့သောလူမှုဆန်းစစ်၊အကဲဖြတ်ခြင်းလုပ်ငန်းစဉ်များနှင့်တစ်ခုချင်းစီအတွက်သုံးသပ်ချက်များ

(င) အရင်းအမြစ်များအပေါ် အသုံးချနိုင်မှု၊ လွှမ်းမိုးမှုနှင့် ဆုံးဖြတ်နိုင်မှု သုံးသပ်ချက်



အရင်းအမြစ်များအပေါ်လွှမ်းမိုးမှု နှင့် ဆုံးဖြတ်နိုင်မှု

**အရင်းအမြစ် အသုံးပြုမှု/ထိန်းချုပ်မှု (ဆွေးနွေးချက်နှင့် ဆန်းစစ်ချက်)**

ဝဲကြီးကျေးရွာ၏ သဘာဝနှင့် လူမှုအရင်းအမြစ်များ လက်လှမ်းမှီမှု အသုံးပြုမှုတို့တွင် အမျိုးသား၊ အမျိုးသမီး တို့ အသုံးပြုနေမှုများကို မေးမြန်းဖော်ထုတ်ပြီး ကွာခြားမှုများကို သိသာပေါ်လွင်စေရန် အတွက် ရည်ရွယ်ရေးဆွဲခြင်း ဖြစ်သည်။

အမျိုးသားများသည် လယ်ထွန်စက်၊ ခြွေလှေ့စက်၊ မြတ်ဖြတ်စက်၊ လှည်း၊ သုံးဘီး၊ ရေစုပ်စက်၊ ဂွန်ဒေါင်း စသောလူမှုအရင်းအမြစ် များကို သုံးကြပြီး ခမောက်လုပ်ငန်း၊ အပ်ချုပ်စက်ကို အမျိုးသမီးများက အသုံးပြုကြသည်။လယ်၊ ရေတွင်း ၊ရေတံကင်၊ဆိုင်ကယ် ၊ စက်ဘီး၊ နွား၊ကြက်၊ ဝက်၊ ခြွေလှေ့စက်၊ဝါးခြံ စသော အရင်းအမြစ်များကို အမျိုး သား၊အမျိုးသမီးတို့အားလုံး လက်လှမ်းမှီ အသုံးပြုကြသည်။

အသုံးပြုရာတွင် တန်းတူညီမျှစွာ သုံးစွဲနေကြသော်လည်း ထိန်းချုပ်မှုနှင့် ဆုံးဖြတ်ချက် ချမှုတို့တွင် အမျိုးသားများကသာ ထိန်းချုပ်ထားသည်ကို သုံးသပ်တွေ့ရသည်။

ဝဲကြီးကျေးရွာရှိ သဘာဝအရင်းအမြစ်နှင့် လူမှုအရင်းအမြစ်များကို အမျိုးသားများကသာ အများဆုံး ထိန်းချုပ်ကြပြီး ဆုံးဖြတ်ချက်ချနိုင်မှုတို့ ရှိနေသည်ကို တွေ့ရသည်။

၆.ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက်အသုံးပြုခဲ့သောလူမှုဆန်းစစ်၊အကဲဖြတ်ခြင်းလုပ်ငန်းစဉ်များနှင့်တစ်ခုချင်းစီအတွက်သုံးသပ်ချက်များ

(စ) ပင့်ကူအိမ်ကွန်ယက်နှင့်သုံးသပ်ချက်




ပင့်ကူအိမ်ကွန်ယက်

**ပင့်ကူအိမ်ကွန်ယက် (ဆွေးနွေးချက်နှင့် ဆန်းစစ်ချက်)**

ဝဲကြီးကျေးရွာ၏ အမျိုးသား၊ အမျိုးသမီးတို့၏ နေ့စဉ် လူနေမှုဘဝ နေထိုင်မှုတွင် အမျိုးသမီးများ ပါဝင်မှု အခန်းကဏ္ဍ၊ အမျိုးသမီးများ ဦးဆောင်လုပ်ကိုင်နေသော အဖွဲ့အစည်း အခြေအနေ တို့ကို သိသာပေါ်လွင်စေရန်အတွက် ရည်ရွယ်၍ ရေးဆွဲခြင်း ဖြစ်သည်။

အုပ်ချုပ်မှုတွင် အမျိုးသား ၇၀%၊ အမျိုးသမီး ၅၀% ရှိပြီး ၊ အုပ်ချုပ်ရေးတွင် အမျိုးသား ၊အမျိုးသမီးတို့ ကွာခြားမှု ရှိသည်။

အိမ်တွင်းမှုတွင် အမျိုးသား၃၀%၊ အမျိုးသမီး ၈၀%ရှိပြီး အမျိုးသမီးများသည် ရှေးရိုး အစဉ်အလာ အတိုင်း အိမ်တွင်းမှု ကိစ္စ များတွင် အချိ န်ကု န်ဆုံးကြသည်။

ဝင်ငွေရှာဖွေနိုင်မှုတွင် အမျိုးသား၇၀% ၊ အမျိုးသမီး ၇၀% ရှိပြီး တန်းတူ ဝင်ငွေရှာ ဖွေနိုင်ကြသည်။ ပစ္စည်း ဥစ္စာ ပိုင်ဆိုင်မှုတွင် အမျိုးသာ/သမီး တူညီစွာ ပိုင်ဆိုင်ကြသည်။


ယုံကြည်မှု ၊လုံခြုံမှုတွင် အမျိုးသားများက ပိုမိုယုံကြည်လုံခြုံမှုရှိပြီး အလုပ်အကိုင် အခွင့် အလမ်းတွင်လည်း အမျိုးသား/သမီး များ တန်းတူ အခွင့်အလမ်း ရသည်ကို တွေ့ရသည်။

လူမှုရေးကိစ္စ ပူးပေါင်းပါဝင်မှုတွင် အမျိုးသား/သမီး တန်းတူ ပူးပေါင်း ပါဝင်လုပ်ဆောင် ကြသည်။

ပညာရေး လက်လှမ်းမှီမှုတွင် အမျိုးသား၄၀%၊ အမျိုးသမီး ၆၀%ရှိပြီး အနည်းငယ်သာ ကွာခြားသည်။

## ၆.ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက်အသုံးပြုခဲ့သောလူမှုဆန်းစစ်၊အကဲဖြတ်ခြင်းလုပ်ငန်းစဉ်များနှင့်တစ်ခုချင်းစီအတွက်သုံးသပ်ချက်များ

(ဆ) ကျေးရွာအခက်အခဲပြဿနာအပေါ် သုံးသပ်ချက်




အခက်အခဲ ပြဿနာများ

**အခက်အခဲပြဿနာများ (ဆွေးနွေးချက်နှင့် ဆန်းစစ်ချက်)**

**အမျိုးသားများမှ တင်ပြသော အခက်အခဲ ပြဿနာများ**


- ချောင်းရေ၊မြောင်းရေ သောက်သုံးရသောကြောင့် ကျန်းမာရေးခက်ခဲခြင်း
- သဘာဝဘေးအန္တရာယ်ကြောင့် လမ်းသွားလာရခက်ခဲခြင်း
- စိုက်ပျိုးရခက်ခဲခြင်း
- ချောင်းကူးတံတားမရှိသောကြောင့် သွားလာရခက်ခြင်း
- အလုပ်အကိုင် နဲပါးခြင်း
- လျှပ်စစ်မီး မရှိခြင်းကြောင့် ပညာရေး အခက်အခဲ ရှိခြင်း
- ကျန်းမာရေး ဆေးပေးခန်း မရှိသေးသောကြောင့် ကျန်းမားရေးခက်ခဲခြင်း
- ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက် ရာတွင် စိတ်ပါဝင်စားမှု အားနဲခြင်းတို့ဖြစ်သည်။

**အမျိုးသမီးများ မှ တင်ပြသောအခက်အခဲပြဿနာများ**

- လျှပ်စစ်မီး မရှိခြင်းကြောင့် ကျောင်းသား၊ကျောင်းသူများစာကျက်ရာတွင်ခက်ခဲခြင်း
- အလုပ်အကိုင် ရှားပါးခြင်း
- စည်းလုံးမှုအားနဲခြင်း
- အသက်မွေးဝမ်းကြောင်းနှင့်ပတ်သက်သော သင်တန်းများနဲပါးခြင်း
- သဘာဝဘေးအန္တရာယ်ကြောင့် လူနေမှုခက်ခဲခြင်း
- ချောင်းကူးတံတားမရှိသောကြောင့် သွားလာရခက်ခြင်း
- ကျန်းမာရေး ဆေးပေးခန်း မရှိသေးသောကြောင့် ကျန်းမားရေးခက်ခဲခြင်း
- ရေတွင်း တူးသော်လည်း ရေချို မရသော အခက်အခဲ
- သောက်သုံးရေ ရှားပါးခြင်း တို့ဖြစ်ပါသည်။

**၆.ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက်အသုံးပြုခဲ့သောလူမှုဆန်းစစ်၊အကဲဖြတ်ခြင်းလုပ်ငန်းစဉ်များနှင့်တစ်ခုချင်းစီအတွက်သုံးသပ်ချက်များ**

(ဇ) ကျေးရွာ မျော်မှန်းချက်လုပ်ငန်းများအပေါ် သုံးသပ်ချက်



ကျေးရွာမျှော်မှန်းချက်

**ကျေးရွာဖွံ့ဖြိုးရေး မျှော်မှန်းချက်များ ( ဆွေးနွေးချက်နှင့် ဆန်းးစစ်ချက် )**


**အမျိုးသားများမှ တင်ပြသော မျှော်မှန်းချက်များ**


- ချောင်းကူးတံတား ရရှိခြင်ပါတယ်။
- ကျန်းမာရေးဆေးပေး ခန်း ရရှိခြင်ပါတယ်။
- လျှပ်စစ်မီးရရှိခြင်ပါတယ်။
- လမ်းများ ကောင်းမွန်စေခြင်တယ်။
- ပညာရေး အဆင့်အတန်း မြင့်မားစေခြင်ပါတယ်။
- အလုပ်အကိုင်အခွင့်အလမ်း ပေါ်များပြီး လူနေမှုအဆင့်အတန်း မြင့်မားစေခြင်တယ်။

- **မျိုးသမီးများမှတင်ပြသော မျှော်မှန်းချက်များ**
- လမ်းများ ကောင်းမွန်စေခြင်တယ်။
- တရွာလုံး လျှပ်စစ်မီးရရှိခြင်ပါတယ်။
- တရွာလုံးရေပေးနိုင်ရေးအတွက် ရေစုပ်စက်ကြီးနှင့် ရေပိုက်လိုင်းများလိုခြင်ပါတယ်။
- ဆေးပေးခန်းရှိရမည်။
- တစ်အိမ်တငုတ်ရေပိုက်လိုင်းလိုခြင်ပါတယ်။

၆.ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက်အသုံးပြုခဲ့သောလူမှုဆန်းစစ်၊အကဲဖြတ်ခြင်းလုပ်ငန်းစဉ်များနှင့်တစ်ခုချင်းစီအတွက်သုံးသပ်ချက်များ

(ဈ) ကျေးရွာ ဦးစားပေးလုပ်ငန်းများအပေါ် သုံးသပ်ချက်





ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ

ဦးစားပေးလုပ်ငန်းများ အဆင့်သတ်မှတ်ချက် (ဆွေးနွေးချက်နှင့် ဆန်းစစ်ချက်)

**အမျိုးသားများမှအဆိုပြုသော ဖွံ့ဖြိုးရေးလုပ်ငန်းများ**

- ရေစင်၊ရေစက်ရှုံနှင့် ရေပိုက်လိုင်းသွယ်တန်းခြင်း
- လျှပ်စစ်မီး(ကွန်ကရစ်မီးတိုင်နှင့် မီးကြိုးများ)
- ရွာတွင်း ချောင်းကျောက်ခင်းခြင်း
- ဆေးပေးခန်း
- မွေးမြူရေးလုပ်ငန်း

**အမျိုးသမီးများမှအဆိုပြုသော ဖွံ့ဖြိုးရေးလုပ်ငန်းများ**

- ရွာတွင်းကွန်ကရစ်လမ်း(အပြည့်)
- ရွာတွင်း ချောင်းကျောက်ခင်းခြင်း
- ရေစင်၊ရေစက်ရှုံနှင့် ရေပိုက်လိုင်းသွယ်တန်းခြင်း
- ဆေးပေးခန်း
- ချောင်းကူးတံတား
- အစည်းအဝေးခန်းမဆောင်
- တနိုင်တပိုင်မွေးမြူရေးလုပ်ငန်း
- ရိတ်ခြွေစက်
- ခမောက်ချုပ်စက်

## ၇. ကော်မတီဝင်များရွေးချယ်ခြင်း နှင့် ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ဆောင်ရွက်မှုမှတ်တမ်းဓာတ်ပုံများ





၈. ကျေးရွာစီမံကိန်းအထောက်အကူပြု ကော်မတီအဖွဲ့ဝင်စာရင်း

အုပ်စု။ ။ရွှေပန်းတော ကျေးရွာ။ ။ ဝဲကြီး

စတင်ဖွဲ့စည်းသည့်ရက်စွဲ။ ။၂၈-၉ -၂၀၁၇

| စဉ် | အဖွဲ့ | ရာထူး | အမည် | ဖုန်းနံပါတ် | မှတ်ချက် |
|---|---|---|---|---|---|
| ၁ | ကျေးရွာစီ/ထောက် | ဥက္ကဌ | ဦးခင်မောင်ထွန်း | ၀၉၂၅၆၁၈၈၉၆၃ | ၂၀၁၆ |
| ၂ | | ဥက္ကဌ | ဒေါ်ရီရီချို | ၀၉၂၅၂၆၂၀၉၈၆ | ၂၀၁၆ |
| ၃ | ဝယ်ယူရေးဆပ်ကော်မတီ | ခေါင်းဆောင် | ဦးကျော်စွာဦး | ၀၉၂၆၁၉၂၃၈၇၈ | ၂၀၁၆ |
| ၄ | | အဖွဲ့ဝင် | ဒေါ်ဝါဝါ | ၀၉၂၅၈၁၂၉၄၂၄ | ၂၀၁၆ |
| ၅ | | အဖွဲ့ဝင် | ဒေါ်သီတာဝင်း | ၀၉၇၉၆၇၇၆၈၁၇ | ၂၀၁၈ |
| ၆ | စောင့်ကြည့်ကြီးကြပ်ရေး ဆပ်ကော်မတီ | ခေါင်းဆောင် | ဦးသန်းစိုး | ၀၉၂၆၁၀၃၅၄၄၇ | ၂၀၁၆ |
| ၇ | | အဖွဲ့ဝင် | ဒေါ်ခင်မိုးသူ | ၀၉၇၉၈၃၁၈၆၆၇ | ၂၀၁၈ |
| ၈ | | အဖွဲ့ဝင် | ဦးသောင်းရွှေ | ၀၉၇၉၃၆၁၂၆၈၁ | ၂၀၁၆ |
| ၉ | လည်ပတ်ရေးနှင့် ပြုပြင်ထိန်း သိမ်းရေးဆပ်ကော်မတီ | ခေါင်းဆောင် | ဒေါ်သန်းရီ | ၀၉၉၇၄၂၆၄၉၆၆ | ၂၀၁၆ |
| ၁၀ | | အဖွဲ့ဝင် | ဦးဝင်းစိန် | ၀၉၂၅၈၁၁၀၇၀၂ | ၂၀၁၆ |
| ၁၁ | | အဖွဲ့ဝင် | ဦးအောင်ရဲသူ | ၀၉၇၈၆၈၂၃၂၉၉ | ၂၀၁၇ |
| ၁၂ | ကျေးရွာငွေစာရင်းကိုင် | စာရင်းကိုင် | ဒေါ်အေးအေးမွန် | ၀၉၇၉၃၆၁၄၂၁၂ | ၂၀၁၈ |
| ၁၃ | အကြံပြုတိုင်ကြား ဖြေရှင်းရေးဆပ်ကော်မတီ | အဖွဲ့ဝင် | ဦးဇော်ဝင်းနိုင် | ၀၉၇၇၂၅၂၇၂၅၈ | ၂၀၁၈ |
| ၁၄ | | အဖွဲ့ဝင် | ဒေါ်ခင်လေးဆွေ | ၀၉၇၃၆၃၁၅၁၃ | ၂၀၁၆ |
| ၁၅ | စေတနာ့ဝန်ထမ်း | အဖွဲ့ဝင် | ဦးသန်းဆွေ | ၀၉၂၅၃၉၄၃၁၄၇ | ၂၀၁၆ |
| ၁၆ | | အဖွဲ့ဝင် | ဒေါ်ဝတ်ရည်စိုး | ၀၉၉၇၉၇၉၂၁၃၂ | ၂၀၁၆ |

**တာဝန်ကျဝန်ထမ်းများ**

လူထုစည်းရုံးရေးမှူး - ဒေါ်အေးမြတ်မွန်

လက်ထောက်နည်းပညာမှူး - ဒေါ်မေသူဝင်းရွှေ

## ၉. ကျေးရွာအချက်အလက် (ပုံစံ- ၁)

လူထုဗဟိုပြု စီမံကိန်း၊ စီမံကိန်းလက်စွဲ အပိုင်း - (၃)

ပုံစံ - စ - ၁ ကျေးရွာအခြေခံအချက်အလက်များ (Form PC 1)

လမ်းညွှန်ချက်၊ ကျေးရွာတစ်ရွာသို့ ပထမဆုံးမိတ်ဆက်ခရီး သွားရောက်သောအခါ လူထုစည်းရုံးရေးမှူးသည် ကျေးရွာခေါင်းဆောင်များအား ကျေးရွာအချက်အလက်များကို မေတ္တာရပ်ခံ၍ တောင်းခံရသည်။ ဤအချက်အလက်များကို စီမံကိန်းမိတ်ဆက်အစည်းအဝေးမတိုင်မီတောင်းခံရမည်။ စီမံကိန်းမိတ်ဆက်အစည်းအဝေးတွင် လူထုစည်းရုံးရေးမှူးသည် ဤအချက်အလက်များအား စစ်ဆေးပြီး မှန်ကန်အောင်ပြုလုပ်ရမည်။ ပြီးနောက်တွင် လူထုစည်းရုံးရေးမှူးမှ သတင်းအချက်အလက်ထဲသို့ Tablets မှတဆင့် ဖြည့်သွင်းရမည်။

| ကျေးရွာအုပ်ချုပ်ရေးမှူး အမည် ဦးသိန်းဌေးဝင်း | | ကျေးရွာအုပ်ချုပ်ရေးမှူး၏ ဖုန်းနံပါတ် ၀၉- | | လူထုစည်းရုံးရေးမှူး၏ အမည် ဒေါ်မေဇာတ်ဖွား |
|---|---|---|---|---|
| ပြည်နယ်၊တိုင်းဒေသကြီး ဧရာဝတီ | မြို့နယ် ကြံခင်း | ကျေးရွာအုပ်စု ရွှေပန်းတော | | ကျေးရွာ- ပဲခြင်း |

က၊ လူဦးရေ

| လူမျိုးစု | အိမ်ထောင်စုအရေအတွက် | ကိုးကွယ်သည့်ဘာသာ | အိမ်ထောင်စုအရေအတွက် |
|---|---|---|---|
| လူမျိုးစု (၁) --ဗမာ---- | ၈၈ | ဘာသာ (၁) --ဗုဒ္ဓ----- | ၈၈. |
| လူမျိုးစု (၂) ------------ | | ဘာသာ (၂) ------------ | |
| လူမျိုးစု (၃) ------------ | | ဘာသာ (၃) ------------ | |
| လူမျိုးစုရော ------------- | | ဘာသာရော ----------- | |
| | အရေအတွက် | | |
| မသန်စွမ်းသူများ | ၁ | | ၁ |
| သက်ကြီးရွယ်အိုများ (၆၅ နှစ် နှင့် အထက်) | ၃၂ | | ၂၀ |
| စစ်ဘေးရှောင် | – | | – |

| | အမျိုးသား (အရေအတွက်) | အမျိုးသမီး (အရေအတွက်) |
|---|---|---|
| လူဦးရေ | ၁၆၇ | ၁၆၄ |
| လူမျိုးစု (၁)--ဗမာ--- | ၁၆၇ | ၁၆၄ |
| လူမျိုးစု (၂)---------- | - | - |
| လူမျိုးစု (၃)---------- | - | - |
| အိမ်ထောင်ဦးစီး | ၇၆ | ၁၂ |

**(ခ) အခြေခံအဆောက်အအုံ အသုံးအဆောင်များ**

| စာသင်ကျောင်း | အမှတ်ခြစ်ပါ | ကျန်းမာရေး | အမှတ်ခြစ်ပါ | ဘာသာရေး အဆောက်အအုံများ | အမှတ်ခြစ်ပါ |
|---|---|---|---|---|---|
| အထက်တန်းကျောင်း | ☐ | ဆေးရုံ | ☐ | စေတီ | ☑ |
| အလယ်တန်းကျောင်း | ☐ | ကျန်းမာရေးဌာန | ☐ | ဘုန်းကြီးကျောင်း | ☑ |
| မူလတန်းကျောင်း | ☐ | ကျန်းမာရေးဌာနခွဲ | ☐ | ဟိန္ဒူဘုရားကျောင်း | ☐ |
| မူကြိုကျောင်း | ☐ | ဆေးပေးခန်း | ☐ | ခရစ်ယာန်ကျောင်း | ☐ |

| | | | | | |
|---|---|---|---|---|---|
| အခြား | ☐ | အခြား | ☐ | ဗလီ | ☐ |
| | | | | အခြား | ☐ |
| မှတ်ချက် | | မှတ်ချက် | | မှတ်ချက် | |

(ဂ) ကျွမ်းကျင်သူများမှတ်တမ်း (ကျေးရွာတွင်နေထိုင်သော သို့မဟုတ် တခြားရွာမှလာရောက်သော ကျွမ်းကျင်သူများ)

| (၁) စာသင်ကျောင်း | | | (၂) ကျန်းမာရေး | | | (၃) လက်မှုပညာရှင် | | |
|---|---|---|---|---|---|---|---|---|
| | ရွာတွင်နေထိုင်သူ | အခြားရွာမှလာသူ | | ရွာတွင်းနေထိုင်သူ | အခြားရွာမှလာသူ | | ရွာတွင်းနေထိုင်သူ | အခြားရွာမှလာသူ |
| မူလတန်းပြဆရာ/မ | ☑ | ☑ | ဆရာဝန် | ☐ | ☐ | လက်သမား | ☑ | ☐ |
| အထက်တန်းပြဆရာ/မ | ☑ | ☐ | လက်ထောက်ကျန်းမာရေးမှူး | ☐ | ☐ | ပန်းရံ | ☑ | ☐ |
| အလယ်တန်းပြဆရာ/မ | ☐ | ☐ | အမျိုးသမီးကျန်းမာရေးဆရာမ | ☐ | ☐ | လျှပ်စစ်ကျွမ်းကျင်၊ မီးသမား | ☐ | ☐ |
| မူကြိုဆရာ/မ | ☑ | ☐ | သားဖွားဆရာမ | ☑ | ☑ | ရေပိုက်သွယ်သူ | ☐ | ☑ |
| အခြား | ☐ | ☐ | ပြည်သူ့ကျန်းမာရေးလုပ်သား | ☐ | ☐ | စက်ပြင်ဆရာ | ☐ | ☐ |
| မှတ်ချက် | | | မှတ်ချက် | | | မှတ်ချက် | | |

(ဃ) ကျေးရွာသို့ရောက်ရှိနိုင်သည့် လမ်းအခြေအနေ /ကျေးရွာတစ်ရွာသည် ၎င်း၏ ကျေးရွာအုပ်စုနှင့် ဆက်သွယ်ထားသော လမ်းအခြေအနေ (အောက်ပါတို့ကိုဝိုင်းပါ)

ကျောက်ကြမ်းလမ်း  ကတ္တရာလမ်း  ကွန်ကရစ်လမ်း  မော်တော်ဆိုင်ကယ်လမ်း
(ကျောက်ခင်းလမ်း)  မြေသားလမ်း  လူသွားလမ်း  အခြား ____________

(င) ကျေးရွာဖွံ့ဖြိုးမှုစီမံချက် ဝိုင်းပါ

(၁) လူထုဗဟိုပြုစီမံကိန်းမစတင်မီ ဤကျေးရွာတွင်ကျေးရွာဖွံ့ဖြိုးမှုစီမံချက်ရှိခဲ့ပါသလား? (ရှိပါသည်)/မရှိပါ/မသိပါ

(၂) ရှိခဲ့ပါလျှင် ဤစီမံချက်ကို မည်သည့် ခုနှစ်တွင်ပြင်ဆင်ခဲ့ပါသနည်း? နှစ်--------/မသိပါ

(၃)ဤစီမံချက်ကို မြို့နယ်မှအတည်ပြုခဲ့ပါသလား? (ပြုခဲ့ပါသည်)/မပြုခဲ့ပါ /မသိပါ

(စ) ခရီးအကွာအဝေး

(၁) ဤကျေးရွာ၏ဗဟိုမှ ၎င်းကျေးရွာအုပ်စု၏ဗဟိုအထိ ခရီးမိုင်မည်မျှကွာဝေးသနည်း? မိုင်၁ ဖာလုံ/မသိပါ

(၂) ဤကျေးရွာမှ ၎င်းကျေးရွာအုပ်စုဗဟိုအထိ သွားလာရာတွင်ကြာမြင့်သည့်အချိန်။

ခြောက်သွေ့ရာသီတွင်ကြာချိန်--၃ မိနစ်------ ထော်လာဂျီ/မော်တော်ဆိုင်ကယ်/ခြေလျှင်/လှည်း/မော်တော်ဘုတ်/ အခြား ------------------

မိုးရာသီတွင်ကြာချိန်-----၃ မိနစ်------------- ထော်လာဂျီ/မော်တော်ဆိုင်ကယ်/ခြေလျှင်/လှည်း/မော်တော်ဘုတ်/ အခြား ------------------

(ဆ) ပတ်ဝန်းကျင်ဆိုင်ရာ သဘာဝဘေးအန္တရာယ်

ဤကျေးရွာတွင် ရေကြီးခြင်းကဲ့သို့ သဘာဝဘေးအန္တရာယ်ကျရောက်ဖူးခြင်း ရှိပါသလား။

☐ မရှိပါ ☑ ရှိပါသည် ရှိလျှင်ဖော်ပြပါ [illegible]

(ဧ) ကျေးရွာတွင် ဖွဲ့စည်းထားသော အဖွဲ့အစည်းများ
လူထုဝပ်ပိုငြစီမံကိန်းမတိုင်မီ ဤကျေးရွာတွင် ကျေးရွာဖွံ့ဖြိုးရေးအတွက် အစိုးရ (သို့) ရွာသားများကိုယ်တိုင်(သို့) စီမံကိန်းတစ်ခုခုမှ ဖွဲ့စည်းထားသည့် အဖွဲ့အစည်းများရှိပါသလား။

(၁) ရှိပါသည်။ (ဖြတ်ဝင်းရောင်ကမ္ဘ) အမျိုးသား၊ အမျိုးသမီး များပါဝင်။
(၂) -------------------------------

ကျေးရွာခေါင်းဆောင်　　　အမည် ဦးသိန်းဌေးဝင်း

လက်မှတ်　　　နေ့စွဲ ၂၈-၉-၂၀၁၇

လူထုစည်းရုံးရေးမှူး　　　အမည် ဒေါ်ကြားဖောင်ချွန်

လက်မှတ်　　　နေ့စွဲ ၂၈.၉.၂၀၁၇.

## ၁၀. စီမံကိန်းစက်ဝန်းအချိန်ဇယား (ပုံစံ- ၂)

လူထုဗဟိုပြု စီမံကိန်း၊ စီမံကိန်းလက်စွဲ အပိုင်း - (၃)

### ပုံစံ - ၈ -၂ - စီမံကိန်းစက်ဝန်းအချိန်ဇယား (PC 2)

| | | | |
|---|---|---|---|
| လမ်းညွှန်ချက်။ သက်ဆိုင်ရာလူထုစည်းရုံးရေးမှူး/လက်ထောက်နည်းပညာနည်းပညာမှူးများမှ စီမံကိန်းစက်ဝန်းအဆင့်တစ်ခုစီပြီးစီးတိုင်း ကျေးရွာနှင့် ကျေးရွာအုပ်စုအတွက် ဤပုံစံကို ဖြည့်သွင်းရမည်။ | | | |
| စည်းရုံးရေးမှူး/ဝန်ထမ်း အမည် ဒေါ်ကြူကြူဝင်းမြင့် | | | |
| နေ့စွဲ ၂၈. ၉. ၂၀၁၇ | စက်ဝန်းအားအမှတ်ခြစ်ပါ □ စက်ဝန်း(၁) □ စက်ဝန်း(၂) ☑ စက်ဝန်း(၃) □ စက်ဝန်း (၄) | | |
| ပြည်နယ်/တိုင်း ဧရာဝတီ | မြို့နယ် ကြံခင်း | ကျေးရွာအုပ်စု ရွှေပုန်းတော | ကျေးရွာ ဝဲကြီး |

| စီမံကိန်းဆောင်ရွက်မှုအဆင့်များ | နေ့စွဲ | | အစည်းအဝေးတွင်တက်ရောက်သူအရေအတွက် | | | | |
|---|---|---|---|---|---|---|---|
| | စတင်သည့်နေ့ | ပြီးဆုံးသည့်နေ့ | အမျိုးသား အရေအတွက် | အမျိုးသမီး အရေအတွက် | အိမ်ထောင်စု အရေအတွက် | လူမျိုးစုတက်ရောက်သူ အရေအတွက် နှင့် လူမျိုးစုအမည် | |
| ၁။ ကျေးရွာစီမံကိန်း မိတ်ဆက်အစည်းအဝေး | ၂၈.၉.၁၇ | ၂၈.၉.၁၇ | ၁၁ | ၂၄ | ၃၅ | ဗမာ | ၃၅ |
| ၂။ ကျေးရွာဖွံ့ဖြိုးရေး စီမံချက်ရေးဆွဲခြင်း အစည်းအဝေး | ၂၈.၉.၁၇ | ၂၈.၉.၁၇ | ၁၁ | ၂၄ | ၃၅ | ဗမာ | ၃၅ |
| ၃။ ကျေးရွာအုပ်စု လုပ်ငန်းဆုံးဖြတ်ချက်ချသည့် အစည်းအဝေး | | | | | | | |
| ၄။ မြို့နယ်အဆင့် စီမံကိန်းရေးဆွဲရေး နှင့် အကောင်အထည်ဖော်ရေးကော်မတီ၏ စီမံကိန်း သုံးသပ်မှု အစည်းအဝေး | | | မလို | မလို | မလို | မလို | |
| ၅။ မြို့နယ် စီမံကိန်းရေးဆွဲရေး နှင့် အကောင်အထည်ဖေါ်ရေး ကော်မီတီ၏ဆုံးဖြတ်မှုကို ရွာသို့ အသိပေး အကြောင်းကြားသည့် အစည်းအဝေး | | | | | | | |
| ၆။ စီမံကိန်းလုပ်ငန်းခွဲစီမံချက်ရေးဆွဲခြင်း အစည်းအဝေး | | | | | | | |
| ၆.၁။ စီမံကိန်းလုပ်ငန်း အကောင်အထည်ဖော် ရေးအစီအစဉ် ရေးဆွဲခြင်း | | | | | | | |

လူထုပဟိုပြု စီမံကိန်း၊ စီမံကိန်းလက်စွဲ အပိုင်း - (၃)

| | | | | | | |
|---|---|---|---|---|---|---|
| ၆.၂။ ဂယ်ယူရေးအစီအစဉ် ရေးဆွဲခြင်း | | | | | | |
| ၆.၃။ ဘဏ္ဍာရေးကုန်ကျမှု လျာထားအစီအစဉ် ရေးဆွဲခြင်း | | | | | | |
| ၆.၄။ ပြင်/ထိန်းအစီအစဉ် ရေးဆွဲခြင်း | | | | | | |
| ၇။ စီမံကိန်းလုပ်ငန်းခွဲ တိုးတက်မှု စောင့်ကြည့်အစည်းအဝေး | | | | | | |
| ၇.၁။ အစည်းအဝေး ပထမအကြိမ် | | | | | | |
| ၇.၂။ အစည်းအဝေး ဒုတိယအကြိမ် | | | | | | |
| ၇.၃။ အစည်းအဝေး တတိယအကြိမ် | | | | | | |
| ၈။ စီမံကိန်းလုပ်ငန်းခွဲ အပြီးသတ်စစ်ဆေးခြင်း အစည်းအဝေး | | | | | | |
| ၉။ လူထုစစ်ဆေးပွဲအစည်းအဝေး | | | | | | |

## ၁၁. ကျေးရွာဖွံ့ဖြိုးရေးဦးစားပေးအစီအစဉ် (ပုံစံ- ၃)

လူထုဗဟိုပြု စီမံကိန်း၊ စီမံကိန်းလက်စွဲ အပိုင်း - (၃)

### ပုံစံ - စ - ၃ ကျေးရွာဖွံ့ဖြိုးရေး ဦးစားပေးအစီအစဉ် (Form PC 3)

လမ်းညွှန်ချက်၊ အဆင့်(၃) ကျေးရွာမျှော်မှန်းချက်အစည်းအဝေး ပြီးဆုံးသောအခါ ကျေးရွာစီမံကိန်း အထောက်အကူပြု ကော်မတီသည် လူထုစည်းရုံးရေးမှူးအကူအညီဖြင့် ဤပုံစံကိုပြည့်စုံအောင် ဖြည့်သွင်းရမည်။

လူထုစည်းရုံးရေးမှူး/ဝန်ထမ်း အမည် ဒေါ်ခင်ခတ်နှင်း

နေ့စွဲ ၂၈.၉.၂၀၁၇

စက်ဝန်းအား အမှတ်ခြစ်ပါ (√) □ စက်ဝန်း(၁) □ စက်ဝန်း(၂) ☑ စက်ဝန်း(၃) □ စက်ဝန်း(၄)

ပြည်နယ်/တိုင်း ဧရာဝတီ | မြို့နယ် ကြံခင်း | ကျေးရွာအုပ်စု ရွှေပန်းတော | ကျေးရွာ- ဝါကြီး

က။ အခက်အခဲအတားအဆီးများအားဆွေးနွေးခြင်း - ယခုလက်ရှိအခြေအနေတွင် ဤကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိက အခက်အခဲအတားအဆီးများသည် မည်သည်များဖြစ်ပါသနည်း။ (အမျိုးသား/သမီး အနည်းဆုံးအခက်အခဲ ၅ ခုစီဖော်ပြပါ)

| | အမျိုးသား အဖွဲ့မှ တင်ပြသောအခက်အခဲအတားအဆီးများ | | အမျိုးသမီး အဖွဲ့မှတင်ပြသောအခက်အခဲအတားအဆီးများ |
|---|---|---|---|
| ၁ | ချောင်းရေ/မြောင်းရေ သောက်သုံးရခြင်းကြောင့် ကျန်းမာရေးထိခိုက်ခဲ့ခြင်း | ၁ | ရေတွင်းများ၌ရေသန့်ရှားပါးခြင်းကြောင့်သောက်သုံးရေ ရှားပါးခြင်း |
| ၂ | သဘာဝဘေးအန္တရာယ်ကြောင့်လယ်များသွား လာရခက်ခဲ၍ ထိုက်ချိ-ရှ ခက်ခဲခြင်း | ၂ | သဘာဝဘေးအန္တရာယ်ကြောင့်လူနေမှုထိခိုက်ခဲ့ခြင်း |
| ၃ | ချောင်းကူးတံတား မရှိသေးသောကြောင့်သွား လာရေး ခက်ခဲခြင်း | ၃ | ကောင်းမွန်သောချောင်းကူးတံတား မရှိ၍သွား လာရခက် ခဲ ခြင်း |
| ၄ | လျှပ်စစ်မီးမရှိသောကြောင့် ပညာ ရေး အခက် အခဲရှိခြင်း၊ အလုပ်အကိုင်ခက်ခဲခြင်း | ၄ | လျှပ်စစ်မီးမရှိသေးသောကြောင့်ကလေးငယ်များ အတွက် ပညာရေး အားနည်းခြင်း |
| ၅ | ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်း ဆောင်ရွက်ရာ တွင် စိတ်ဝင်စားမှုနည်းခြင်းကြောင့်ခက်ခဲ | ၅ | စည်းလုံးမှုခက်ခဲခြင်း |
| ၆ | ကျေးလက်ဆေးပေးခန်း မရှိသောကြောင့် ကျန်းမာရေးအခက်အခဲရှိခြင်း | ၆ | ဆေးပေးခန်းမရှိသောကြောင့်ဆေးကုသမှုခက်ခဲ ခြင်း |
| ၇ | | ၇ | အသက်အရွယ်ကြီးရင့်သူများ ပူပင်သောကရောက်သူ များ ရှားပါးခြင်း |

ခ။ မျှော်မှန်းခြင်း - နောင်လာမည့် ( ၅ )နှစ် အတွင်း ကျေးရွာဖွံ့ဖြိုးရေး မျှော်မှန်းလျာထားချက်များအား တင်ပြပါ။

| | အမျိုးသားအဖွဲ့မှ တင်ပြသောမျှော်မှန်းချက်များ | | အမျိုးသမီးအဖွဲ့မှ တင်ပြသောမျှော်မှန်းချက်များ |
|---|---|---|---|
| ၁ | ချောင်းကူးတံတား ရှိဖြစ်ချင်တယ်. | ၁ | ချောင်းကူးတံတားလို ဖြစ်ချင်တယ်. |
| ၂ | ကျေးလက်ဆေးပေးခန်း ရှိဖြစ်ချင်တယ် | ၂ | ဆေးပေးခန်းလို ဖြစ်ချင်တယ်။ |
| ၃ | ကျောင်း/ဝတ် ရှိဖြစ်ချင်တယ်. | ၃ | တစ်ရွာလုံးရေပေးဝေရေးအတွက်ရေစုပ်စက်ကြီးနှင့် ရေပိုက်လိုင်းများ လိုချင်ပါတယ်။ |
| ၄ | လျှပ်စစ်မီး ရှိဖြစ်ချင်တယ် | ၄ | တစ်ရွာလုံးလျှပ်စစ်မီးလိုချင်ပါသည်။ |
| ၅ | လမ်းများ ကောင်းမွန်စေချင်တယ် - | ၅ | လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်ချင်ပါသည်။ |
| ၆ | ပညာရေး အဆင့်အတန်း မြင့်မားစေချင်တယ် | ၆ | တစ်အိမ်တစ်လုံးရေပိုက်လိုင်းလိုချင်ပါတယ်။ |
| ၇ | အလုပ်အကိုင်အခွင့်အလမ်းများ ပေါ်များပြီး လူနေမှုဘဝ အဆင့်အတန်း မြင့်မားစေချင်တယ်. | ၇ | |

လူထုဗဟိုပြု စီမံကိန်း၊ စီမံကိန်းလက်စွဲ အပိုင်း - (၃)

WG

ဂ။ လူထုစီမံကိန်း၏ လာမည့် ( ၃) နှစ်အတွက် အကျုံးဝင်သော ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်း အစီအစဉ်များအားဖော်ပြပါ။

| အဆင့် | ကျေးရွာအတွက် ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်းစဉ်များ | အဆိုပြုသူ (အမျိုးသားများ/ အမျိုးသမီးများ/အမျိုးသား+ အမျိုးသမီး) | ခန့်မှန်းကုန်ကျ စရိတ် | အကျိုးခံစားခွင့်ရှိသူ ခန့်မှန်းခြေ အရေအတွက် |
|---|---|---|---|---|
| ၁ | ရွာတွင်းချောင်းဖါးကျောက်ခင်း | ကျား+မ. | ၆၀ သိန်း | ၃၃၆ |
| ၂ | ကွန်ကရစ်ခင်းတိုင်ပြင်မြီးကြိုး | ကျား+မ. | ၈၅ သိန်း | ၃၃၆ |
| ၃ | ကစည်းကလေးခုန်မ. | ကျား+မ. | ၂၀ သိန်း | ၃၃၆ |
| ၄ | | | | |
| ၅ | | | | |
| ၆ | | | | |
| ၇ | | | | |
| ၈ | | | | |

ဃ။ လူထုစီမံကိန်း၏ လာမည့် ( ၃) နှစ်အတွက်အကျုံးမဝင်သော ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်း အစီအစဉ်များအားဖော်ပြပါ။

| အဆင့် | ကျေးရွာအတွက် ဦးစားပေး ဖွံ့ဖြိုး တိုးတက်မှု လုပ်ငန်းစဉ်များ | အဆိုပြုသူ (အမျိုးသားများ/ အမျိုးသမီးများ/အမျိုးသား+ အမျိုးသမီး) | အခန်းကဏ္ဍ |
|---|---|---|---|
| ၁ | ဈေးမြို့ရေးလုပ်ငန်း | ကျား+မ | |
| ၂ | ရိုက်ခြေစက် | မ | |
| ၃ | ခအောက်ချုပ်စက် | ဗ. | |
| ၄ | | | |
| ၅ | | | |

ဥက္ကဋ္ဌ ၊ ကျေးရွာစီမံကိန်းအထောက်အကူပြုကော်မီတီမှ အတည်ပြုသည်။

အမည် ဒေါ်ရီရီအို. ------------ လက်မှတ် ------------ နေ့စွဲ ၂၈ - ၆ - ၂၀၁၃

## ၁၂. ကျေးရွာအုပ်စုစီမံကိန်းလုပ်ငန်းခွဲရွေးချယ်ခြင်း (ပုံစံ- ၄)

လူထုဗဟိုပြုပီစီမံကိန်း၊စီမံကိန်းလက်စွဲ

အပိုင်း-၃ ၉.၉.၂၀၁၅

**ပုံစံPC-၄ကျေးရွာအုပ်စုစီမံကိန်းလုပ်ငန်းခွဲရွေးချယ်ခြင်းပုံစံ**

| | | |
|---|---|---|
| *လမ်းညွှန်ချက်။ ။ကျေးရွာအုပ်စုစီမံချက်ရေးဆွဲသည့်အစည်းအဝေးတွင် ဤပုံစံအားလူထုစည်းရုံးရေးမှူး / လက်ထောက်နည်းပညာမှူးတို့၏ CF မှ အကူအညီဖြင့်ပြည့်စုံစွာဖြည့်သွင်းရမည်။ဤပုံစံအားပြည့်စုံစွာဖြည့်သွင်းပြီးပါကကျေးရွာအုပ်စုဖွံ့ဖြိုးတိုးတက်ရေးစီမံချက်တွင်နောက်ဆက်တွဲအဖြစ်တွဲထားရမည်။ အချက်အလက်များကို MIS သို့ထည့်သွင်းရမည်။* | | |
| ကျေးရွာစည်းရုံးရေးမှူး/ဝန်ထမ်းအမည် ဒေါ်မေသူဇင်ရွှေ၊ ဒေါ်အေးမြတ်မွန် | | စက်ဝန်းအားအမှတ်ခြစ်ပေးပါ(✓) □စက်ဝန်း(၁) □စက်ဝန်း(၂) ☑စက်ဝန်း(၃) □စက်ဝန်း(၄) |
| နေ့စွဲ ၁.၁၀.၂၀၁၇ | | |
| ပြည်နယ်/တိုင်း<br>မကွေးတိုင်း | မြို့နယ်<br>ကြံခင်း | ကျေးရွာအုပ်စု<br>ရွှေပန်းတော |

| ကျေးရွာအမည် | ဆောင်ရွက်မည့်လုပ်ငန်းများ | အတိုင်းအတာ | ခန့်မှန်းတိုက်ရိုက်အကျိုးခံစားခွင့်ရှိသူများ | အဆိုပြုတင်ပြသူ | ခန့်မှန်းကုန်ကျစရိတ် | | | စုစုပေါင်း |
|---|---|---|---|---|---|---|---|---|
| | | | | | စီမံကိန်းမှထည့်ဝင်မှု | ကျေးရွာမှထည့်ဝင်မှု | အခြားထည့်ဝင်မှု (ဖော်ပြပါ) ထည့်ဝင်ငွေ ၊ အမည်/အဖွဲ့ | |
| ၁ မင်းတဲကြီးရွာ | အင်ဂျင်မီး၊ မီးစက်ရုံ၊ မီးတိုင်နှင့် မီးကြိုး | 25 Hp အင်ဂျင်(၁)၊ 10 kVA ဒိုင်နမို (၈'×၅'×၆') မီးကြိုး (၂၄၀၀') | ၁၃၀ | □အမျိုးသား □အမျိုးသမီး ☑အမျိုးသားနှင့်အမျိုးသမီး | (၅၁.၅ သိန်း) | | - | (၅၁.၅ သိန်း) |
| ၂ ထန်းကုန်း | အင်ဂျင်မီး၊ မီးစက်ရုံ၊ မီးတိုင်နှင့် မီးကြိုး | 25 Hp အင်ဂျင်(၁)၊ 10 kVA ဒိုင်နမို (၈'×၅'×၆') မီးကြိုး (၃၆၀၀') | ၃၄၆ | □အမျိုးသား □အမျိုးသမီး ☑အမျိုးသားနှင့်အမျိုးသမီး | [၅၀.၂ သိန်း] | | (၈.၈) သိန်း | (၅၉) သိန်း |
| ၃ မုန့်တုတ် | အင်ဂျင်မီး၊ မီးစက်ရုံ၊ မီးတိုင်နှင့် မီးကြိုး | 25 Hp အင်ဂျင်(၁)၊ 10 kVA ဒိုင်နမို (၈'×၅'×၆') မီးကြိုး (၃၄၀၀') | ၁၃၅ | □အမျိုးသား □အမျိုးသမီး ☑အမျိုးသားနှင့်အမျိုးသမီး | [၅၇] သိန်း | | - | (၅၇) သိန်း |

လူထုဗဟိုပြုစီမံကိန်း၊စီမံကိန်းလကြွဲ

အပိုင်း-၃ ၉.၉.၂၀၁၅

| | | | | | | | | |
|---|---|---|---|---|---|---|---|---|
| (၄) ရွာသစ်ကုန်း | အင်ဂျင်ဖိုး၊ မီးစက်ရုံ ဆောက်လုပ်ခြင်း နှင့် မီးကြိုး | 25 Hp အင်ဂျင်၊ (၁၄) 10 kVa ဒိုင်နမို၊ (၈'×၅'×၆') (၂၆၀၀'/-) | ၁၀၃ | ☐အမျိုးသား ☐အမျိုးသမီး ☑အမျိုးသားနှင့် အမျိုးသမီး | [၅၃] သိန်း | | - | (၅၃) သိန်း |
| | | | | ☐အမျိုးသား ☐အမျိုးသမီး ☐အမျိုးသားနှင့် အမျိုးသမီး | | | | |
| | | | | ☐အမျိုးသား ☐အမျိုးသမီး ☐အမျိုးသားနှင့် အမျိုးသမီး | | | | |
| | | | | ☐အမျိုးသား ☐အမျိုးသမီး ☐အမျိုးသားနှင့် အမျိုးသမီး | | | | |

ရာထူး ကျေးရွာအုပ်စု စီ/ထောက်ကော်မတီ ဥက္ကဋ္ဌ အမည် ဦးသိန်းဝင်း ၊ ၅/ကဝန(နိုင်)

လက်မှတ် (signature) ရက်စွဲ ၁. ၁၀. ၂၀၁၇

**၁၃. အစည်းအဝေးမှတ်တမ်းများ**

**လူထုဗဟိုပြုစီမံကိန်း** ( တတိယနှစ်စက်ဝန်း )

**ကျေးရွာအုပ်စု -ရွှေပန်းတော**

**ကျေးရွာ -ဝဲကြီး**

**ကျေးရွာ(ပထမအကြိမ်နှင့် ဒုတိယအကြိမ်) အစည်းအဝေး** **ရက်စွဲ ၂၈- ၉-၂၀၁၇**

အစည်းအဝေးကို နေ့လည်(၉း၀၀) နာရီတွင်စ တင်ကျင်းပခဲ့သည်။ အစီအစဉ်(၁)တွင် ကျေးရွာအုပ်စု၊ အုပ်စုအုပ်ချုပ်ရေးမှူး ဦးသိန်းဌေးဝင်းမှ အဖွင့်အမှာစကား ပြောကြားပြီး "လူထုဗဟိုပြုစီမံကိန်း၊ တတိယနှစ်စီမံကိန်း" အကောင်အထည်ဖော်ဆောင်ရွက်ခြင်း စတင်ခဲ့ပြီဖြစ်၍ မိမိတို့ ကျေးရွာအုပ်စု အနေ ဖြင့် များစွာဂုဏ်ယူပါကြောင်း၊ အစည်းအဝေးတွင် ယခုကဲ့သို့ စုံစုံညီညီ တက်ရောက်ကြသည့် အတွက် ဝမ်းသာမိကြောင်း၊ မိမိတို့ကျေးရွာ၏ လိုအပ်သောလိုအပ်ချက် လုပ်ငန်းများကို စီမံကိန်း အဖွဲ့အစည်းမှ ဝန်ထမ်းများနှင့်အတူ ဝိုင်းဝန်းကူညီ လုပ်ဆောင်ကြလိမ့်မည် မျှော်လင့်ပါကြောင်း" စသဖြင့်အမှာစကား ပြောကြားခဲ့ပါသည်။

(၉း၁၅) နာရီတွင် လူထုဗဟိုပြုစီမံကိန်း ဝန်ထမ်းများမှ ကျေးရွာလူထုနှင့် ဝန်ထမ်းများကြားရင်းနှီးမှုရစေရန် တစ်ဦးချင်း မိတ်ဆက်ခြင်း အစီအစဉ်ကိုပြုလုပ်ခဲ့ကြပါသည်။ ထို့နောက် စီမံကိန်းစက်ဝန်းမိတ်ဆက်ခြင်း၊ ကျားမရေးရာကဏ္ဍ၊ စီမံကိန်းတွင် ပါဝင်သူများ၏ အခန်းကဏ္ဍနှင့် တာဝန်ဝတ္တရား များ၊စီမံကိန်းတွင်လိုက်နာရမည့် ဆောင်ရန်ရှောင်ရန်အချက်များ၊ အကြံပြုတိုင်ကြားရေးစနစ်အကြောင်း စသည်တို့ကို အကျယ်တဝင့်ရှင်းလင်းပြောကြားခဲ့ပါသည်။

နေ့လည် (၁၀း၀၀) နာရီတွင် စီမံကိန်း တတိယနှစ်အတွက် ကော်မတီဝင်များ ရွေးချယ်မည်ဖြစ်၍ စေတနာဝန်ထမ်းများ၏ တာဝန် ဝတ္တရားများအကြောင်း၊ မဲပေးရွေးချယ်ခြင်း၏ မှန်ကန်တိကျသောလျှို့ဝှက်စနစ်အကြောင်း ထပ်မံ ရှင်းပြခဲ့ပြီး စေတနာ့ဝန်ထမ်း (၂) ဦးရွေးချယ်ခဲ့ကြသည်။ (၁၀း၃၀) နာရီတွင် ကျေးရွာစီမံကိန်း နှင့် အထောက်အကူပြုကော်မတီဝင်များ၏ တာဝန်ဝတ္တရားများအကြောင်း ရှင်းလင်းပြောကြားခဲ့ပြီး ကျေးရွာ ကော်မတီဝင်များ ရွေးချယ်ခဲ့ပါသည်။

၁၁နာရီတွင် ကျေးရွာလူထုအား အဖွဲ့များခွဲ၍ လူမှုဆန်းစစ်ခြင်းလုပ်ငန်းစဉ်များ (လူမှု နှင့် သဘာဝ အရင်းအမြစ်ပြ မြေပုံ၊ အရင်းအမြစ်များအသုံးပြုမှု၊ ပိုင်ဆိုင်မှု/ထိန်းချုပ်မှု၊ ဥတုစာရေး စံသတ်မှတ်ချက်၊ ပင့်ကူအိမ်သုံး သပ်ချက် (ကျား၊ မ)၊ ရာသီခွင်ပြက္ခဒိန်၊ အဖွဲ့အစည်း ချိတ်ဆက်မှု ပြမြေပုံ) တို့ကို ဖော်ထုတ်ရေးဆွဲ ခဲ့ကြရာ၊ ဆွေးနွေးသော အကြောင်းအရာများ၊ သုံးသပ် ချက်များသည် ဒုတိယနစ်မှ ဆွေးနွေးဖော်ထုတ် ခဲ့ကြသောအကြောင်းအရာ၊ အချက်အလက်များ အတိုင်း ပြောင်းလဲမှု မရှိခဲ့ပါ။ ကျေးရွာတွင်း အခြေခံ အချက်အလက်များလည်း အတိုး/ အလျော့ မရှိခဲ့ကြောင်း တွေ့ခဲ့ရပါ သည်။

နေ့လည် (၁၁း၃၀) နာရီတွင် ကျေးရွာဖွံ့ဖြိုးရေးစာအုပ် အကြောင်းကို ရှင်းပြခဲ့ပြီး၊ လက်ထောက် နည်းပညာမှူးမှ သဘာဝအကာအကွယ်နှင့် လူမှုအကာအကွယ်များ အကြောင်းကို ဆက်၍ရှင်းပြခဲ့ပါ သည်။ ထို့နောက် သဒ္ဒမ္မရာအင်းလေးကွက်သစ်ကျေးရွာတွင် ဖြစ်ပေါ်နေသော အခက်အခဲပြဿနာများ အကြောင်း ဆွေးနွေးဖော်ထုတ်ကြပြီး၊ အဓိကဖြစ်သော အချက်အလက် များကို ထပ်မံထည့်သွင်း ဖော်ပြ ခဲ့ကြပါသည်။ ကျေးရွာ မျှော်မှန်းချက်များတွင် ပြောင်းလဲမှုမရှိခဲ့ပါ။

ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းကို တောင်းဆိုဆန္ဒပြုကြရာ အဓိကဖြစ်သောဖွံ့ဖြိုးရေးလုပ်ငန်း (၃)ခု ထွက်လာခဲ့ပြီး၊ ဦးစားပေး အဆင့် ရွေးချယ်သတ်မှတ်ရာတွင်လည်း၊ ကျေးရွာ၏သတ်မှတ်ရွေးချယ်ချက် အရ၊ ဦးစားပေးလုပ်ငန်း (၃)ခု ရရှိခဲ့ပါသည်။

ညနေ (၁၂း၃၀) နာရီတွင် ကျေးရွာ (ပထမအကြိမ် နှင့် ဒုတိယအကြိမ်) အစည်းအဝေး၊ (တတိယနစ်စက်ဝန်း) အား အောင်မြင်ပြီးမြောက်ခဲ့ပြီး၊ ကျေးရွာ (ပထမအကြိမ် နှင့် ဒုတိယအကြိမ်) အစည်းအဝေးအား ပိတ်သိမ်းခဲ့ပါသည်။

**လူထုစည်းရုံးရေးမှူး**

**ဒေါ် အေးမြတ်မွန်**

## ၁၄. ကဏ္ဍအလိုက်ဦးစားပေးဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များ

| ကျေးရွာကဏ္ဍအလိုက်ဦးစားပေးဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များ | | | | | | |
|---|---|---|---|---|---|---|
| | စဉ် | လုပ်ငန်း | အဆိုပြုသူ | လ/နှစ် | လုပ်ဆောင်မည့်သူ | ပြင်ပမှထောက်ပံ့ပေးသူ |
| အခြေခံအဆောက်အအုံ | ၁ | ရွာတွင်းချောင်းကျောက်လမ်း | ကျား+မ | ၂၀၁၈ | ကျေးရွာလူထု | လူထုဗဟိုပြု စီမံကိန်း |
| | ၂ | အစည်းအဝေးခန်းမ | ကျား+မ | ၂၀၂၀ | ကျေးရွာလူထု | လူထုဗဟိုပြု စီမံကိန်း |
| | | | | | | |
| | | | | | | |
| အသက်မွေးဝမ်းကြောင်း / စီးပွားရေး | | | | | | |
| | | | | | | |
| | | | | | | |
| | | | | | | |
| | | | | | | |
| ကျန်းမာရေးနှင့် အာဟာရ | | | | | | |
| | | | | | | |
| | | | | | | |
| | | | | | | |
| | | | | | | |
| ပညာရေး | | | | | | |
| | | | | | | |
| | | | | | | |
| | | | | | | |
| အခြား | ၃ | ကွန်ကရစ်မီးတိုင်နှင့်မီးကြိုး | ကျား+မ | ၂၀၁၉ | ကျေးရွာလူထု | လူထုဗဟိုပြု စီမံကိန်း |
| | | | | | | |
| | | | | | | |
| | | | | | | |